စားနပ်ရိက္ခာ ဖူလုံရေးနှင့် မြန်မာ့ စိုက်ပျိုး၊ မွေးမြူးရေကဏ္ဍ

ဦးငြိမ်းချမ်း

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာဖူလုံရေး လိုအပ်ချက်သည် လိုက်ပါမြင့်တက်လာ ခဲ့သည်။ထို့အတူ အစားအစာများ ဘေးကင်းလုံခြုံရေးနှင့် အစားအစာများ ထုတ်လုပ်ရာတွင် ဘေးထွက် ဆိုးကျိုး များ နည်းပါးပြီး သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်လာသည်။



ကမ္ဘာ့လူဦးရေ တိုးတက်လာမှု အတွက် စားနပ်ရိက္ခာ ဖူလုံရေးမှာ အခြေခံ အကျဆုံး ဖြစ်ပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အစီရင်ခံစာ အရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ စားနပ်ရိက္ခာ ထုတ်လုပ်မှု ခန့်မှန်းခြေအားဖြင့် ၆၀ ရာခိုင်နှုန်းခန့် တိုးတက် ထုတ်လုပ်ရန် လိုအပ်မည် ဖြစ်ပြီး စိန်ခေါ်မှုပေါင်း များစွာ ရှိနေသည်ဟု ဆိုသည်။ ရာသီဥတု ပြောင်းလဲလာမှုနှင့် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ကမ္ဘာ့ စားနပ်ရိက္ခာ ရင်းမြစ်များမှာ ခြိမ်းခြောက်ခံ နေရပြီး တိရစ္ဆာန်မွေးမြူမှုများ၊ သီးနှံ အထွက်နှုန်းများနှင့် ရာသီဥတုနှင့် လိုက်ဖက်ညီသည့် စိုက်ပျိုးရေး၊မွေးမြူးရေး လုပ်ငန်းများ ထူထောင်ရန် လိုအပ် လာသည်။ထို့ကြောင့် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများသည် စားနပ်ရိက္ခာ ထုတ်လုပ်မှု အလားအလာ ကောင်းများရှိသည့် စိုက်ပျိုးရေး ၊မွေးမြူးရေး နိုင်ငံများ၌ ဝင်ရောက် ရင်းနှီးမြှုပ်နှံရန် ပြင်ဆင် လာခဲ့ကြသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက် မှုမှာလည်း လယ်ယာကဏ္ဍ၊ သားငါး ကဏ္ဍအပေါ်မှာ အဓိကတည်ရှိနေတာ ကိုလည်း တွေ့ရှိရခြင်း ဖြစ် သည်။

စိုက်ပျိုး၊မွေးမြူးရေးနိုင်ငံ ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဆန်စပါးကို အဓိက စိုက်ပျိုးပြီး အခြား သီးနှံမျိုးများကိုလည်း စိုက်ပျိုး ၊မွေးမြူ ထုတ်လုပ်ကာ စားနပ်ရိက္ခာ ဖူလုံမှု အတောင့်တင်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အစားအစာ ဖူလုံရေးတွင် ဆန်စပါး တစ်ခုတည်းသာ မဟုတ်ဘဲ သားငါး ကဏ္ဍအနေ ဖြင့် ဆေးဝါးနှင့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ ကဏ္ဍအားလုံး ပါဝင်ပြီး ေ မွးမြူးရေး ကဏ္ဍသည် အခြေခံ အကျဆုံး ဖြစ်သည်။ ထို့ကြောင့် အာရှဒေသရှိ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများသည် ယင်းတို့နိုင်ငံ ၏ စားနပ်ရိက္ခာ ဖူလုံရေး အတွက် မြန်မာ့ စိုက်ပျိုးရေး၊မွေးမြူးရေး ကဏ္ဍများတွင် ဝင်ရောက် ရင်း နှီးမြှုပ်နှံရန် ပြင်ဆင် လာကြ သည်။ အာရှနိုင်ငံများ ဖြစ်သည့် ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံ တို့သည် မြန်မာ့ စိုက်ပျိုးရေး၊မွေးမြူးရေး ကဏ္ဍတွင် စိတ်ဝင်စားမှု အမြင့်ဆုံး နိုင်ငံများ ဖြစ်ပြီး စိုက်ပျိုးရေး၊မွေးမြူးရေး ဆိုင်ရာ ငွေကြေးနှင့် နည်းပညာ ပံ့ပိုးမှု အများဆုံး နိုင်ငံများလည်း ဖြစ်သည်။

ယခင်က အကျိုးအမြတ် မြန်မြန်မရရှိနိုင်ခဲ့၍ မြန်မာ့ စိုက်ပျိုးရေး၊မွေးမြူးရေး ကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှု အားနည်းခဲ့ပြီး လက်ရှိတွင် စီးပွားရေး ဖွံ့ဖြိုးသည့် နိုင်ငံများ ဝင်ရောက်လာခြင်းကြောင့် စိုက်ပျိုးရေး၊မွေးမြူးရေး ကုန်ထုတ် လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်း များစွာ ရှိနေပြီ ဖြစ်သည်။ မြန်မာ တောင်သူ လယ်သမားများ မြန်မာနိုင်ငံ၌ လူဦးရေ စုစုပေါင်း ၅၁ သန်းကျော် ရှိသည့်အနက် စိုက်ပျိုး၊ မွေးမြူးရေး လုပ်ငန်း လုပ်ကိုင်သူမှာ လူဦးရေ စု စုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် အရေးပါဆုံး လုပ်အားများ ဖြစ်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက် လာပါက စိုက်ပျိုးရေး၊မွေးမြူးရေး ကဏ္ဍ အခြေခံ အဆောက်အအုံနှင့် စိုက်ပျိုး ၊မွေးမြူးရေး ရေး နည်းပညာများ တိုးတက် ပြန့်ပွားလာမည် ဖြစ်သည်။

တစ်ချိန်တည်းတွင် ကျေးလက်နေ အခြေခံ ပြည်သူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပြီး ၎င်းတို့၏ တစ်ဦးချင်း ပျမ်းမျှဝင်ငွေမှာလည်း ပိုမို မြင့်တက် လာနိုင်သည်။ လက်ရှိတွင် စက်မှုလယ်ယာ ကူးပြောင်းရေး၊ ကုန်ထုတ်လမ်းများ ကောင်းမွန်ရေး အတွက် နိုင်ငံတော်မှ အကောင်အထည် ဖော်နေပြီ ဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးမှု အရှိန်အဟုန်များ မြင့်မား လာနိုင်မည် ဖြစ်သည်။စိုက်ပျိုးရေး၊မွေးမြူးရေး ကဏ္ဍ အဆင့် မြှင့်တင်မှု လက်ရှိတွင် မြန်မာ့ စိုက်ပျိုးရေး၊မွေးမြူးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေး၊မွေးမြူးရေး စရိတ် ေ ချးငွေများ တိုးမြှင့် ထုတ်ပေးခြင်းနှင့် စိုက်ပျိုးရေး၊မွေးမြူးရေးအတွက် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များလည်း စနစ်တကျစီမံ ဆောင်ရွက် ရန်လိုပါသည်။

ဈေးကွက်နှင့် အနာဂတ် အလားအလာ ကောင်းသော စိုက်ပျိုး၊မွေးမြူရေး မှသည် ဖွံ့ဖြိုးမှုဆီသို့ မြန်မာနိုင်ငံသည် သဘာဝ အရင်းအမြစ်များ ပေါကြွယ်ဝပြီး စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများ အတွက် ရာသီဥတုနှင့် စိုက်ပျိုးရေ အရင်းအမြစ်များ ပေါများသည့် နိုင်ငံ ဖြစ်သည်။ ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့အစည်း (World Trade Organization -WTO) ၏ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒ ဆန်းစစ်ခြင်း အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ဆင်းရဲမှု လျှော့ချနိုင်ရန် စိုက်ပျိုးရေး၊မွေးမြူရေး ဧ ရး ကဏ္ဍသည် အရေးကြီးပြီး ချေးငွေနှင့် လုပ်အား ထုတ်လုပ်မှု အားနည်းခြင်း တို့ကို ဖြည့်ဆည်းနိုင်ရန် လိုအပ်သည်။ စိုက်ပျိုးရေး၊မွေးမြူရေး နိုင်ငံ ဖြစ်သည့် အလျောက် စားနပ်ရိက္ခာ ဖူလုံရေးမှာ တောင့်တင်းခိုင်မာအောင် စိုက်ပျိုးရေး၊မွေးမြူရေး ထုတ်လုပ်မှုမှ စီးပွားရေး ဖွံ့ဖြိုးမှု အရွေ့ကို ပုံဖော်ရန် လိုအပ်ပါသည်။

မြန်မာ့နိုင်ငံ အတွင်း မွေးမြူရေး အစာကုန်ကြမ်းများ ဈေးမြင့်တက် လာရခြင်းသည် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ ရှားပါးလာခြင်းကြောင့် တိရစ္ဆာန်အစာ ထုတ်လုပ်နိုင်မှု နည်းလာကြောင်း၊ ယင်းအတွက် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခက်အခဲ ဖြစ်ပေါ်နေပြီး အဓိက မှီခိုနေရသည့် စိုက်ပျိုးရေး လုပ်ငန်းနှင့် ပူးပေါင်း လုပ်ဆောင်ရန် လိုအပ် လာကြောင်း၊ မြန်မာနိုင်ငံအတွင်း မွေးမြူရေး အစာကုန်ကြမ်း ဈေးနှုန်းများမှာ အိမ်နီးချင်း နိုင်ငံများထက် ကြီးမြင့်လျက်ရှိသည်။

မွေးမြူရေး အစာ သုတေသန အရ ၂ ပည်တွင်း မွေးမြူရေး အစာထုတ်လုပ်မှုတွင် ၆၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး ထုတ်ကုန် ဘေးထွက်ကုန်များကို အသုံးပြုပြီး ရောစပ်အစာ ၃၃ ရာခိုင်နှုန်း၊ ကိုယ်ပိုင် မွေးမြူရေး ခြံမှထွက်သည့် ဘေး ထွက်စာ ၂၁ ရာခိုင်နှုန်း နှင့် အခြားအစာကုန်ကြမ်း တစ်မျိုးချင်း အသုံးပြုမှု ၄၆ ရာခိုင်နှုန်း ပါဝင်ခြင်းကြောင့် စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးရန် လိုအပ်ကြောင်း၊ မွေးမြူရေး အစာကဏ္ဍတွင် နိုင်ငံ တော်မှ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ အတွက် အစာစပ် စက်ရုံ များနှင့် မျိုးထုတ် လုပ်မှုအပိုင်းများတွင် ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခွင့် ပေးထားသော်လည်း လုပ်ကိုင်မှု နည်းပါးကြောင်း သိရသည်။

ပညာရှင်များ၏ အဆိုအရ မြန်မာနိုင်ငံရှိ မြားမြောင်လှသည့် မြေယာများကို တစ်ကွင်း တစ်စပ်တည်း ဟက်တာကွက် စိုက်ခင်းများ ဖော်ထုတ်ပါက အနာဂတ် နှစ်များစွာ အတွင်း တိုးတက်လာမည့် လူဦးရေ ၁၀ ရာခိုင်နှုန်း ခန့်၏ စားနပ်ရိက္ခာကို ဖူလုံနိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် လယ်ယာကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးမှု အစီအမံများဖြင့် လယ်ယာ ကုန်ထုတ်လုပ်မှုမှ စီးပွားရေး ဖွံ့ဖြိုးမှုကို တွန်းတင်နိုင်မည် ဖြစ် ပြီး ကမ္ဘာ့ စားနပ်ရိက္ခာ ထုတ်လုပ်မှု နိုင်ငံ တစ်နိုင်ငံ အဖြစ် ရပ်တည် လာနိုင်မည် ဖြစ်ကြောင်း ရေးသား လိုက်ရ ပါသည်။